# နှစ်သစ်ကူးပါကိုယ်

ညိုဝင်းမြင့်



စိုင်းဝင်းမြင့်

၇၊ ၂၊ ၁၉၇၈ ဖွား၊ ပထမဆုံး ပုံနှိပ်ကဗျာ "ဟန်" ရွက်နုဝေမဂ္ဂဇင်း၊ နို ဝင်ဘာ၊ ၁၉၉၆။ မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့သော ကဗျာများကို စုစည်း၍ ...၂၀၀၂ တွင် သူစိမ်း၊ ၂၀၀၃ တွင် တစ်ယောက်တည်းစကား၊ ၂၀၀၅တွင် နားနားပြီးပြော၊ တိုက်ခိုက်နေတဲ့ လေထဲ၊ ခေတ်ပေါ် ကဗျာ အဖွင့် မဂ္ဂဇင်းကဗျာ ၂၀၀၄၊ ၂၀၀၆ တွင် ကြယ်ကမ္ဘာရောင်းဝယ်ရေး၊ ၂ ၀၀၈ တွင် များများ မြန်မြန်၊ ၂၀၁၁တွင် ကဗျာပေါင်းချုပ် (၁၉၉၃- ၂၀၀ ၈)၊ ၂၀၁၂တွင် ဘယ်သူပြောပြော ကိုယ်ပြောတယ်၊ ၂၀၁၃ တွင် ပျော်ရွှင် ဖွယ်ရာကကား၊ ၂၀၁၄ တွင် ကမ္ဘာမြေသို့ ပန်းပို့သူများ ၊ ၂၀၁၅ တွင် လေလွင့်သူ အချစ်နှင့် မြစ်သူဂင်္ဂါ နှစ်များ ၊ ကဗျာပေါင်းချုပ် ပုံနှိပ်ကဗျာ နှစ်(၂၀)စုစည်းမှု၊ ၂၀၁၆တွင် အပိုင်းအစများ ၊ ၂၀၁၇တွင် ကဗျာ ပေါင်းချုပ် ဒုတိယအုပ်နှင့် ချစ်ခြင်း၊ ၂၀၁၈ တွင် လက်ရွေးစင်ကဗျာများ CD၊ ကျေးဇူးတော်လမ်း၊ ဒီဇင်ဘာညများ ၊ စိုင်းဝင်းမြင့်နှင့် ယခု နှစ်သစ် ကူးပင်လယ်၊ ကဗျာ ၁၈ အုပ်၊ စကားပြေတစ်အုပ်၊ ကဗျာဖတ်ညွှန်း တစ် အုပ် ထုတ်ဝေခဲ့ပြီး။

အခြားကဗျာစုစည်းမှုများ ဖြစ်တဲ့

မဂ္ဂဇင်းကဗျာ လက်ရွေးစင် ၁၉၉၇ (ရာပြည့်၊ ၁၉၉၈)

ပထမဆုံးလိပ်စာ (တကောင်း ၂၀၀၃)

ခေတ်ပြိုင်ကဗျာအချို့ (စိတ်ကူးချိုချို၊ ၂၀၀၉)

မန်းချောင်းလရောင် (မန်းချောင်းလရောင်၊ ၂၀၀၉)

ခေတ်ပြိုင်ကဗျာ (စိတ်ကူးချိုချို ၁၅ နှစ်ပြည့်)စာအုပ်များ နှင့် အခြား စာ

အုပ်များ စွာတွင် လည်း ပါဝင်ခဲ့။

## ကျေးဇူးအထူး နှစ်သစ်ကူးပင်လယ်

စိုင်းဝင်းမြင့်နဲ့ ကျွန်တော်နဲ့ 10 A နဲ့ ကဗျာတွေနဲ့ ဘဝမခြားဘဲ တစ်နှစ်တည်းမှာ ကိုပဲ နှစ်သစ်ကူးပင်လယ် ဆိုပြီး ပြန်လာပြန်ပြီ၊ ဆက်သွားပြန်ပြီ။

နည်းနည်းမြန်တယ် လျှော့ပြောလို့ ရပေမယ့် ဒီနှစ်တွေထဲ အများကြီးသွားနေမိသူနဲ့ အစပြု နေသူတွေ ပျော်ပွဲမို့ အရှိန်ရတုန်းလေး သံကို မီးကြွေး အိပ်မက်ကို သွေးနဲ့ ရေးကြတာပါပဲ။

ငယ်ငယ်က မောင်စိတ်ကောင်း ပုံပြင်များကို အမှတ်ရ ဒီနှစ်နှစ် သုံးနှစ်ထဲက ကဗျာအသစ် တစ်ရာဝန်းကျင်ကို ကိုးပိုင်းခွဲပြီး စီစဉ်ပေးလိုက်တယ်၊ နှစ်သစ်ကူးပင်လယ် မောင်စိတ်ကောင်း ကဗျာများ ကမ္ဘာကုန်ကျယ်သရွေ့ပေါ့ လေ။

မိတ်ဆွေများ အတွက် ကဗျာ (စိတ်မပျက်သေးပါဘူးလို့ ကျွန်တော့် ဘက်က ယူဆ) ကျွန်တော့်အတွက် ကဗျာစာအုပ်များ စွာ ထုတ်ဝေခဲ့ပြီး လည်း အထူးရင်ခုန်ဖွယ်ကတော့ 10 A နဲ့ မှ အချိန်အနည်းငယ်လေးအတွ င်းမှာ နောက်တစ်ကြိမ်ပြန်ကျ 10A နဲ့ မှ ဒီတစ်အုပ်မှာ ပြန်လည်ဆုံတွေ့ ရတဲ့ ကိုဒွိ မျက်နှာဖုံး။

ဒီတစ်ခါလည်း ကျွန်တော်တို့ ပြုံးနိုင်ဦးမယ်ထင်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

စိုင်းဝင်းမြင့်<br>
၁၂၊ ၇၊ ၂၀၁၈<br>
ရန်ကုန်